
ရိုးရှင်းလှသော ကျင့်ကြံခြင်း
ကြမ်းတမ်းလှသော ခရီးလမ်း
စာစဉ် - ၂၂
Translator
Paing

# အခန်း (၂၂၆)
## အရပ်က ရှစ်ပေ၊ ခါးပတ်လည်ကလည်း ရှစ်ပေ

*

"အစ်ကိုချန်… ဒါက ညီမ အခုလေးတင် နွေးထားတဲ့ အရက်ပါ… နည်းနည်းလောက် သောက်မလား…"

ညအချိန်၌ ကုန်သည်အဖွဲ့တစ်ခုလုံးသည် အနားယူရန် စခန်းချလိုက်ကြသည်။

ချန်ဖေးသည် မီးပုံဘေးတွင် ထိုင်ကာ ဝေးကွာသော ကောင်းကင်ယံဆီသို့ ငေးမောကြည့်နေ၏။ ချူးလန်သည် ချန်ဖေးအနားသို့ သတိထားကာ ချဉ်းကပ်လာပြီး နွေးထွေးသော အရက်အိုးတစ်အိုးကို သူ့ထံသို့ ကမ်းပေးလိုက်သည်။

"ကျေးဇူးပါ…"

ချန်ဖေးသည် ချူးလန်ကို လှည့်ကြည့်လိုက်ပြီး သူ၏မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာပေ၏။

"ဟိုဘက်မှာ အသားခြောက်တွေ ရှိသေးတယ်… အစ်ကိုချန်အတွက် သွားယူပေးမယ်နော်…"

ချန်ဖေး၏ အပြုံးကို မြင်ချိန်တွင် ချူးလန်သည် ရှက်သွေးဖြာစွာဖြင့် ခေါင်းငုံ့သွားပြီး မလှမ်းမကမ်းရှိ မီးပုံဆီသို့ အမြန်ပြေးသွားလေသည်။

ချန်ဖေး၏ အပြုံးသည် ချူးလန်၏ နှလုံးသားကို လှုပ်ခတ်သွားစေခဲ့သည်။

ကုန်သည်အဖွဲ့ထဲတွင် ချန်ဖေးနှင့် စတင်တွေ့ဆုံခဲ့သည့် ပထမဆုံးနေ့မှစ၍ ချူးလန်သည် နေ့စဉ်နေ့တိုင်း ချန်ဖေး၏ မျက်နှာကို မြင်ချင်ပြီး စကားပြော ချင်နေခဲ့သည်။

သို့ရာတွင် မိန်းကလေးတစ်ယောက်၏ ရှက်ရွံ့မှုကြောင့် ချူးလန်သည် အကြိမ်တိုင်း၌ ချန်ဖေးရှေ့တွင် ခဏသာ ပေါ်လာရဲပြီး အမြန်ပျောက်ကွယ် သွားတတ်၏။

ထို့နောက် ချန်ဖေးအနားသို့ ချဉ်းကပ်ရန် အခြားအကြောင်းပြချက်တစ်ခု ကို ထပ်မံရှာဖွေတတ်သည်။

ဤအခြေအနေသည် နှစ်ရက်တိတိ ကြာမြင့်နေပြီ ဖြစ်သည်။

"အာ... ငါ့အရက် ဘယ်ရောက်သွားပါလိမ့်... လန်လန်... အဘိုးရဲ့ အရက် အိုးကို မြင်မိသေးလား..."

ချူးဝမ်နန်းသည် ထင်းအချို့နှင့်အတူ ပြန်ရောက်လာပြီး နွေးထားလေ့ရှိ သော အရက်အိုး ပျောက်နေသည်ကို တွေ့လိုက်ရသည်။

"အဘိုးက အသက်ကြီးနေပြီကို... အရက် ထပ်မသောက်သင့်တော့ဘူး... ကျန်းမာရေးအတွက် မကောင်းဘူးလေ..."

အဘိုးဖြစ်သူ၏ အသံကို ကြားချိန်တွင် ချူးလန်က အမြန်ပြောလိုက် သည်။

"ဘာတွေ လျှောက်ပြောနေတာလဲ... မင်းအဘိုးက အသက်သာ ကြီးသွား တာ ခွန်အားတွေက အပြည့်ပဲ... အရက်လေး နည်းနည်းသောက်တာ ဘာ ဖြစ်လို့လဲ..."

ချူးဝမ်နန်းက မကျေမနပ်ဖြင့် ပြောဆိုလိုက်ပြီး သူ၏အကြည့်သည် ချူး လန်ကို ကျော်လွန်ကာ မလှမ်းမကမ်းရှိ ချန်ဖေးထံသို့ ရောက်ရှိသွားပေ၏။

ချန်ဖေး၏ လက်နံဘေးရှိ အရက်အိုးကို သူ တိုက်ဆိုင်စွာ မြင်တွေ့လိုက်ရသည်။ အရက်အိုး၏ ပုံသဏ္ဍာန်နှင့် ဒီဇိုင်းသည် သူ၏အရက်အိုးနှင့် တစ်ပုံစံတည်း ဖြစ်နေပေသည်။

ချူးဝမ်နန်း၏ မျက်လုံးများ ရုတ်တရက် ပြူးကျယ်သွားပြီး ချန်ဖေးဆီသို့ ဒေါသတကြီးဖြင့် လျှောက်သွားလိုက်သည်။

သူမ၏ အဘိုးလုပ်ရပ်ကို မြင်ချိန်တွင် ချူးလန်သည် အလွန်လန့်သွားသဖြင့် အသားခြောက်များကိုပင် မယူနိုင်တော့ဘဲ နောက်မှ အမြန်လိုက်သွားလေ၏။

"ဟေ့ကောင်လေး... ဒီအရက်က အရသာ ဘယ်လိုနေလဲ..."

ချူးဝမ်နန်းသည် ချန်ဖေး၏ ထောင့်နားတွင် ထိုင်ချလိုက်ပြီး မြေပြင်ပေါ်ရှိ အရက်အိုးကို ကောက်ယူကာ ပျော်ရွှင်စွာဖြင့် သူ့နှုတ်ခမ်းဆီသို့ တေ့လိုက်သည်။

အရက်သည် အိုးနှုတ်ခမ်းဝမှ စီးကျလာပြီး ခပ်သင်းသင်း ရနံ့တစ်ခုကို ထုတ်လွှတ်ပေးနေ၏။ တန်ဖိုးကြီးသော အရက်မဟုတ်သော်လည်း အထဲတွင် အနည်အချို့ပင် ပါနေသေးသည်။

သို့သော် ချူးဝမ်နန်း၏ အမူအရာကို ကြည့်ရသည်မှာ အကောင်းဆုံး နတ်သုဒ္ဓါကို သောက်သုံးလိုက်ရသကဲ့သို့ ဖြစ်နေသည်။

"အဘိုး... အဲ့ဒါက အစ်ကိုချန့်အတွက်လေ... ဘာလို့ အကုန်သောက်လိုက်ရတာလဲ..."

ချူးဝမ်နန်း အရက်များကို တကျိုက်တည်း သောက်ချလိုက်သည်ကို မြင်ချိန်တွင် ချူးလန်သည် အလွန်ဒေါသထွက်သွားပေ၏။

သူမက ထိုအရက်ကို ချန်ဖေးအတွက် သီးသန့်ပေးခဲ့ခြင်း ဖြစ်သော်လည်း

သူမ၏ အဘိုးက ဤသို့ လုပ်ခဲ့သည်။ အစ်ကိုချန်က သူမကို အပြစ်တင်မည်လားဟု တွေးကာ စိုးရိမ်သွားမိသည်။

ချူးလန်သည် သူမ၏ အင်္ကျီစကို လိမ်ဆွဲကာ ချန်ဖေးကို သတိထား၍ ခိုးကြည့်လိုက်သည်။

ချန်ဖေး၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု အမြဲရှိနေပြီး မကျေနပ်မှုသို့မဟုတ် ဒေါသထွက်သည့် အရိပ်အယောင် လုံးလုံးလျားလျား မရှိသည်ကို သူမ မြင်တွေ့လိုက်ရ၏။

"စီနီယာချူး..."

ချန်ဖေးသည် ချူးဝမ်နန်းကို လက်ယှက်ကာ နှုတ်ဆက်လိုက်သည်။

"အား... အရက်ကောင်းလေးပဲ..."

ချူးဝမ်နန်းသည် ချန်ဖေးက သူ၏အရက်ကို ခွဲသောက်မည်ကို စိုးရိမ်နေပုံရသဖြင့် အရက်တစ်အိုးလုံးကို တစ်ကျိုက်တည်း မော့သောက်လိုက်သည်။ ထို့နောက် ကျေနပ်စွာ လေချဉ်တက်လိုက်ပြီး အရက်အိုးကို ဘေးသို့ ဖယ်ထားလိုက်၏။

"အရက်က သိပ်မလောက်ဘူး... ရှင်းဖန်မြို့ကို ရောက်ရင် မင်းကို သေချာပြန်ကျွေးပါ့မယ်..."

"စီနီယာချူး... ခင်ဗျား အရမ်း သဘောကောင်းလွန်းပါတယ်..."

ချန်ဖေးက ပြုံးလျက် ပြောလိုက်သည်။

ချန်ဖေး၏ တည်ငြိမ်သော အမူအရာကို မြင်ချိန်တွင် ချူးဝမ်နန်းသည် ပြုံးမနေဘဲ မနေနိုင်တော့ချေ။

အလွန်ချောမောပြီး သူ၏ ချစ်လှစွာသော မြေးမလေးကို ဆွဲဆောင်နေခြင်းမှလွဲ၍ ဤရက်ပိုင်းအတွင်း သိကျွမ်းပြီးနောက် ချူးဝမ်နန်းသည် ချန်

ဖေးအပေါ် အလွန်ကောင်းမွန်သော အထင်အမြင်ရှိခဲ့သည်။

သူသည် မောက်မာမှုလည်းမရှိ၊ စိတ်မြန်လက်မြန်လည်း မရှိပေ။ မည်သည့်အရာကမျှ သူ့ကို စိုးရိမ်ပူပန်စေနိုင်စွမ်း မရှိသကဲ့သို့ပင်။ မှန်ကန်သော အခွင့်အရေးကိုသာ ရရှိပါက ဤကဲ့သို့သော စိတ်နေသဘောထားမျိုးသည် ကြီးမားသော အောင်မြင်မှုများကို ဖြစ်ပေါ်စေနိုင်သည်။

တစ်ခုတည်းသော ပြဿနာမှာ ချန်ဖေး၏ ကျင့်ကြံမှုအဆင့်သည် အထူးတလည် ထူးချွန်မနေခြင်းပင် ဖြစ်သည်။ အသက်နှစ်ဆယ်ကျော် အရွယ်တွင် အရိုးသန့်စင်ခြင်းအဆင့်၌ ရှိနေခြင်းမှာ အမှန်တကယ် ဆိုးရွားမနေသော်လည်း အလွန်အမင်း ထူးချွန်နေခြင်းမျိုးလည်း မဟုတ်ပေ။

ချူးဝမ်နန်းသည် နတ်တိမ်မြို့တွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ပြီး အထူးသဖြင့် နတ်တိမ်ဓားဂိုဏ်းမှ ထူးချွန်ထက်မြက်သော သိုင်းပညာရှင်များစွာကို မြင်တွေ့ခဲ့ဖူးသည်။ ချန်ဖေး၏ အသက်အရွယ်တွင် ထိုဂိုဏ်းသို့ ဝင်ရောက်ရန် အခွင့်အရေးပင် မရှိခဲ့ဘဲ အခြားသော ဂိုဏ်းငယ်လေးများတွင်သာ ကံစမ်းနိုင်ပေလိမ့်မည်။

"တကယ်တော့ မင်း နတ်တိမ်မြို့မှာပဲ နေသင့်တယ်... အဲ့ဒီမှာ အခွင့်အလမ်းတွေ ပိုများတယ်... မင်းနာမည်က ချန်ဖေးမလား... မကြာသေးခင်က ယွမ်ချန်ဓားဂိုဏ်းမှာ မင်းနဲ့ နာမည်တူတဲ့ လူတစ်ယောက်က နတ်တိမ်ဓားဂိုဏ်းရဲ့ အစစ်အမှန်တပည့်တွေကြားမှာ ဒုတိယနေရာကို တိုက်ရိုက် ရောက်သွားတယ်ဆိုတာ မင်း ကြားဖူးလား..."

ချူးဝမ်နန်းသည် ချန်ဖေးကို ကြည့်ကာ ကြင်နာစွာဖြင့် အကြံဉာဏ် တစ်ခွန်း ပေးလိုက်၏။

နတ်တိမ်မြို့တွင် နေထိုင်ခြင်းသည် ပြိုင်ဆိုင်မှု ပြင်းထန်သော်လည်း အခွင့်အလမ်းများစွာကို ပေးစွမ်းနိုင်သည်။ အခြားသော မြို့ငယ်လေးများသို့

ပြောင်းရွှေ့ခြင်းက ပို၍ သက်သောင့်သက်သာ ရှိနိုင်သော်လည်း သိုင်းပညာလမ်းစဉ်အတွက်မူ လုံးလုံးလျားလျား မျှော်လင့်ချက်မဲ့သွားပေလိမ့်မည်။

"သိတယ်... သိတယ်... အဲ့ဒီ ချန်ဖေးက မုတ်ဆိတ်မွေး အပြည့်နဲ့ အရပ်က ရှစ်ပေ... ခါးပတ်လည်ကလည်း ရှစ်ပေ ရှိတယ်လို့ ကြားတယ်..."

ဘေးတွင် ရပ်နေသော ချူးလန်က စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်သည်။ ချန်ဖေးက ရှန်ထူချန်းကို အနိုင်ယူခဲ့သည်မှာ အချိန်အတော်ကြာခဲ့ပြီ ဖြစ်သော်လည်း ထိုဖြစ်ရပ်ကို အချိန်နှင့်အမျှ ပြန်လည်ပြောဆိုနေကြဆဲပင်။

မည်သို့ပင်ဆိုစေ သူသည် ပြီးခဲ့သည့်နှစ်များအတွင်း ယွမ်ချန်ဓားဂိုဏ်း၏ အထူးချွန်ဆုံး အစစ်အမှန်တပည့် ဖြစ်ပေသည်။ ဤကဲ့သို့သော ဒဏ္ဍာရီဆန်ဆန် အကြောင်းအရာမျိုးက လူတို့၏ စိတ်ဝင်စားမှုကို လှုံ့ဆော်ပေးနိုင်စွမ်း အရှိဆုံးဖြစ်သည်။

"အရပ်က ရှစ်ပေ... ပြီးတော့ ခါးပတ်လည်ကလည်း ရှစ်ပေ ဟုတ်လား..."

အပြင်လူများထံမှ သူ၏ ရုပ်ရည်သွင်ပြင်အကြောင်းကို ပထမဆုံး သိရှိချိန်တွင် ချန်ဖေးသည် အနည်းငယ် တွေဝေသွားခဲ့သည်။ သူ၏ ရုပ်ရည်သွင်ပြင်နှင့် ပတ်သက်၍ ဤမျှလောက် ကြီးမားသော ကွဲလွဲမှုမျိုးက မည်သို့ ဖြစ်ပေါ်လာနိုင်သနည်း။

"ဟုတ်တယ်... အရမ်းအရုပ်ဆိုးတာပဲ..."

ချူးလန်သည် အရပ်နှင့် ခါးပတ်လည် အချိုးအစား တူညီနေသူ တစ်ဦးကို စိတ်ကူးကြည့်လိုက်ရာ သူမ၏ ကျောရိုးတစ်လျှောက် စိမ့်တက်သွားသလို ခံစားလိုက်ရသည်။ သူမက ချန်ဖေး၏ ခန္ဓာကိုယ် အချိုးအစားကို ခိုးကြည့်လိုက်ပြီး အစ်ကိုချန်က အမှန်တကယ် ပိုချောမောကြောင်း နားလည်သွား၏။

"သိုင်းပညာရှင် တစ်ယောက်အတွက် အရေးကြီးဆုံးက ခွန်အားပဲ... ရုပ်ဆိုးတာ မဆိုးတာက ဘာအရေးပါလို့လဲ..."

သူမ၏ မျက်လုံးထဲမှ အကြည့်ကို မြင်ချိန်တွင် ချူးဝမ်နန်းက မြေးဖြစ်သူကို ဆူပူလိုက်သည်။

ချူးလန်သည် အဘိုးဖြစ်သူကို မျက်နှာမဲ့ပြလိုက်ပြီး နောက်သို့ ပြန်ဆုတ်သွားလေသည်။ သူမသည် အသားခြောက်များ နွေးပြီလားဆိုသည်ကို သွားစစ်ဆေးပြီး အစ်ကိုချန် စားနိုင်ရန် ယူလာပေးမည် ဖြစ်သည်။

"ကျွန်တော် ရှင်းဖန်မြို့မှာ လုပ်စရာ ကိစ္စလေး နည်းနည်းရှိလို့ပါ... အဲ့ဒါပြီးရင် နတ်တိမ်မြို့ကို ပြန်လာမှာပါ..."

ချူးဝမ်နန်း၏ ကြင်နာတတ်သော အကြံဉာဏ်ကို မြင်ချိန်တွင် ချန်ဖေးက ပြုံးလျက် ပြောလိုက်သည်။

"မင်းအရွယ်မှာ အရေးကြီးဆုံးက ကျင့်ကြံခြင်းပဲ... အရင်တုန်းက ငါ ဒါကို နားမလည်ခဲ့လို့ အခုတော့ အသက်သာ ကြီးသွားတယ်... ခြင်ဆီသန့်စင်ခြင်း အဆင့်မှာပဲ ရှိသေးတယ်... ဟူး..."

စကားပြောနေစဉ်အတွင်း ချူးဝမ်နန်းသည် သက်ပြင်းမချဘဲ မနေနိုင်တော့ချေ။ ထိုစဉ်က သူသည်လည်း ရုပ်ရည်ချောမောပြီး ဆွဲဆောင်မှုရှိသော အမျိုးသားတစ်ဦး ဖြစ်ခဲ့ပြီး ထို့နောက် ချူးလန်၏ အဘွားနှင့် တွေ့ဆုံခဲ့သည်။ ချူးလန်၏ အဘွားအကြောင်းကို တွေးမိချိန်တွင် ချူးဝမ်နန်းသည် ထိုအချိန်က အမှတ်တရများထဲသို့ နစ်မြောမသွားဘဲ မနေနိုင်ခဲ့ပေ။

ချူးဝမ်နန်းသည် စကားပြောနေရင်း တစ်ဝက်တွင် ရပ်တန့်သွား၏။ ချန်ဖေးက မော့ကြည့်လိုက်ပြီး ချူးဝမ်နန်း၏ အမူအရာကို မြင်သော်လည်း သူ့ကို မနှောင့်ယှက်တော့ဘဲ သူ၏လက်ထဲရှိ ရိက္ခာခြောက်များကို

တိတ်ဆိတ်စွာ စတင်စားသောက်နေလိုက်သည်။

ကုန်သည်အဖွဲ့သည် နတ်တိမ်မြို့မှ ထွက်ခွာလာခဲ့သည်မှာ နှစ်ရက်ရှိပြီဖြစ်ပြီး သူတို့၏ လက်ရှိ ခရီးစဉ်လမ်းကြောင်းသည် ရှင်းဖန်မြို့မှ ချန်ဖေး လာခဲ့စဉ်က လမ်းကြောင်းနှင့် တစ်ပုံစံတည်း ဖြစ်နေပေသည်။အစပိုင်းတွင် ချန်ဖေး အနည်းငယ် အံ့သြသွားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူသည် လမ်းခရီး၌ ထူးဆန်းစွာ ဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦးနှင့် ဆုံတွေ့ခဲ့ဖူးသောကြောင့် ဖြစ်သည်။

ယုတ္တိကျကျ တွေးကြည့်မည်ဆိုလျှင် ထူးဆန်းမှုဟူသည် အန္တရာယ်ကို ဆိုလိုသဖြင့် ရှောင်ရှားသင့်ပေသည်။

သေချာသည်မှာ ထိုအရာက အခွင့်အရေးတစ်ရပ်လည်း ဖြစ်နေသည်။

အကယ်၍ သင်က လုံလောက်သော ခွန်အားရှိပါက ထူးဆန်းသည့် သဘာဝလွန်ဖြစ်ရပ်များကို ဖျက်ဆီးနိုင်ပြီး များသောအားဖြင့် အကျိုးအမြတ်များစွာကို ပြန်လည်ရရှိနိုင်သည်။

ဥပမာအားဖြင့် ထူးဆန်းသော စွမ်းရည်များရှိသည့် ဝိညာဉ်လက်နက်များ သို့မဟုတ် ဆေးဖော်စပ်ရာတွင် အာနိသင်ကို မြှင့်တင်ပေးနိုင်သော မိစ္ဆာပုတီးစေ့များ ဖြစ်သည်။

သို့ရာတွင် နတ်တိမ် ကုန်သည်အဖွဲ့၏ သဘာဝအရ သူတို့၏ အဓိက အာရုံစိုက်မှုမှာ ကုန်သွယ်မှုပြုလုပ်ရန်နှင့် မြို့အသီးသီးကြားရှိ ဈေးနှုန်းကွာဟချက်များမှ အကျိုးအမြတ် ရယူရန် ဖြစ်သည်။

မိစ္ဆာများကို သတ်ဖြတ်ခြင်းမှာ ကုန်သည်အဖွဲ့၏ အစီအစဉ်များတွင် မပါဝင်ပေ။

လွန်ခဲ့သည့် တစ်နာရီခန့်က ကုန်သည်အဖွဲ့မှ အစောင့်များသည် နောက်

တစ်ရက်အကြာတွင် ထူးဆန်းသော မိစ္ဆာကောင် တစ်ကောင်နှင့် ဆုံတွေ့နိုင်ကြောင်း သူတို့တစ်ဦးချင်းစီကို အသိပေးခဲ့သည်။

မည်သည့်အရာကိုမျှ နားမထောင်ရန်၊ မကြည့်ရန် သို့မဟုတ် အနံ့မခံရန် သူတို့ကို ပြောကြားခဲ့ပြီး ထိုသို့မဟုတ်ပါက မည်သည့်အရာပဲဖြစ်ဖြစ် ကုန်သည်အဖွဲ့၏ တာဝန်မဟုတ်ကြောင်း သတိပေးခဲ့သည်။

ချန်ဖေးသည် ထိုအကြောင်းကို နားလည်ရန် အစောင့်များထံတွင် ငွေအချို့ သုံးစွဲခဲ့ရသည်။

လမ်းတစ်လျှောက်ရှိ ထူးဆန်းသော ဖြစ်ရပ်များကို ရှောင်ရှားခြင်းက အလုံခြုံဆုံးနည်းလမ်း ဖြစ်သဖြင့် ကုန်သည်အဖွဲ့သည် သူတို့၏ လမ်းကြောင်းကို အမှန်တကယ် ပြောင်းလဲခဲ့သည်။ သို့သော် လမ်းကြောင်းအသစ်တွင် ပို၍ထူးဆန်းသော မိစ္ဆာကောင်များနှင့် ဆုံတွေ့ရမည်ဟု သူတို့ မမျှော်လင့်ထားခဲ့ဘဲ ဤမိစ္ဆာကောင်များက ပို၍ပင် အစွမ်းထက်နေခဲ့သည်။

နတ်တိမ် ကုန်သည်အဖွဲ့သည် ကုန်ပစ္စည်း အမြောက်အများကို သယ်ဆောင်လာသောကြောင့် ပင်မလမ်းမကြီးများ တစ်လျှောက် သွားလာရန် လိုအပ်သည်။ ထိုသို့မဟုတ်ပါက များပြားလှသော ကုန်ပစ္စည်းပမာဏကို ကိုင်တွယ်ဖြေရှင်းနိုင်မည် မဟုတ်ပေ။ သို့ရာတွင် နောက်ဆုံး၌ သူတို့သည် မူလလမ်းကြောင်းသို့ ပြန်လည်ပြောင်းလဲရန် ဖိအားပေးခံခဲ့ရသည်။

အဆိုးဆုံးအခြေအနေတွင် တစ်နေရာရာ၌ ထိုထူးဆန်းသော မိစ္ဆာကောင်နှင့် ဆုံတွေ့ရမည်ဖြစ်ပြီး လူတိုင်းက တတ်နိုင်သမျှ ရှောင်ရှားရုံသာ ရှိသည်။

ဤနည်းလမ်းသည် အတော်လေး ထိရောက်ကြောင်း သက်သေပြနိုင်ခဲ့ပြီး လအတော်ကြာ လည်ပတ်ပြီးနောက် မည်သည့်ပြဿနာမှ မပေါ်ပေါက်ခဲ့ပေ။

ထိုသို့မဟုတ်ဘဲ သူတို့ အမှန်တကယ် ဖြတ်သန်းသွား၍ မရပါက ထို ထူးဆန်းသော မိစ္ဆာကောင်ကို သတ်ဖြတ်ရန် နတ်တိမ် ကုန်သည်အဖွဲ့သည် ဒွာရသန့်စင်ခြင်းအဆင့် ကျွမ်းကျင်သူတစ်ဦးကို စေလွှတ်ပေးရန် နတ်တိမ် ဓားဂိုဏ်းကို အကြောင်းကြားထားပြီး ဖြစ်ပေလိမ့်မည်။

တစ်ရက်အကြာတွင် ချန်ဖေးသည် ရထားလုံးထဲ၌ ထိုင်နေစဉ် အဝေးရှိ တောင်စောင်းကို မြင်လိုက်ရသည်။ တောင်စောင်းပေါ်ရှိ သက်ကယ်မိုး တဲအိမ်လေးသည် ချန်ဖေးအပေါ် နက်ရှိုင်းသော အထင်အမြင်တစ်ခု ချန်ရစ် ထားခဲ့ပင်။

"လူငယ်လေး... ဆက်မကြည့်နဲ့တော့... မျက်လုံးပိတ်ထားလိုက်..."

ရထားလုံးထဲရှိ အခြားသူများက ချန်ဖေး အပြင်သို့ ကြည့်နေသည်ကို သတိပြုမိသွားပြီး တီးတိုး သတိပေးလိုက်ကြသည်။

တစ်ချိန်တည်းမှာပင် အပြင်ဘက်ရှိ ကုန်သည်အဖွဲ့ အစောင့်များ၏ အသံ များ ထွက်ပေါ်လာပြီး လူတိုင်း မျက်လုံးများကိုမှိတ်ကာ စိတ်ကို စူးစိုက်ထား ရန် အော်ဟစ်လိုက်ကြ၏။

ချန်ဖေးသည် ခေါင်းမာသူ မဟုတ်ပေ။ သူ အကြည့်လွှဲလိုက်ပြီး မျက်လုံး များကို မှိတ်ထားလိုက်သည်။

ချန်ဖေး၏ စိတ်စွမ်းအားသည် ယခုအခါတွင် အလွန်အားကောင်းလာ သောကြောင့် ဖြစ်ကောင်းဖြစ်နိုင်သော်လည်း ခပ်သဲ့သဲ့နှင့် သတိမပြုမိနိုင် လောက်သော ရေရွတ်သံတစ်ခုက သူ၏နားထဲတွင် မြည်ဟည်းနေသကဲ့သို့ ဖြစ်နေသည်။ အလွန်တိုးညှင်းလွန်းသဖြင့် အကယ်၍ သေချာနားထောင်ရန် ကြိုးစားမည်ဆိုပါက မည်သည့်အရာကိုမျှ ကြားရမည် မဟုတ်ပေ။

ဤနေရာကို ချန်ဖေး ပထမဆုံးအကြိမ် ဖြတ်သန်းသွားချိန်တွင် မည်သည့်

ရေရွတ်သံကိုမျှ မကြားခဲ့ရချေ။

"ဒေါင်..."

ခေါင်းလောင်းကြီးတစ်ခုကဲ့သို့ ကျယ်လောင်သော အသံတစ်ခုသည် ကုန်သည်အဖွဲ့၏ အလယ်ဗဟိုမှ ထွက်ပေါ်လာရာ ပထမအကြိမ်က ချန်ဖေး ကြားခဲ့ရသည်နှင့် တစ်ပုံစံတည်း ဖြစ်နေပေ၏။

အစပိုင်းတွင် ထိုခေါင်းလောင်းသံ၏ အဓိပ္ပာယ်ကို ချန်ဖေး နားမလည်ခဲ့သော်လည်း ယခုအခါ ၎င်းသည် ဝိညာဉ်လက်နက်တစ်ခု၊ အစစ်အမှန် ဝိညာဉ်လက်နက်တစ်ခု ဖြစ်ကြောင်း သူ နားလည်သွားပြီဖြစ်သည်။ ထို့ပြင် လက်နက်ကို အသက်သွင်းခဲ့သူမှာ ဒွာရသန့်စင်ခြင်းအဆင့် ကျွမ်းကျင်သူ တစ်ဦး မဟုတ်ဘဲ အတွင်းကလီစာသန့်စင်ခြင်းအဆင့် ကျွမ်းကျင်သူတစ်ဦး ဖြစ်သည်။

ချီစွမ်းအင်သန့်စင်ခြင်းအဆင့်သို့ မရောက်သေးသော်လည်း ဝိညာဉ် လက်နက်တစ်ခုကို လွတ်လပ်စွာ ထိန်းချုပ်နိုင်သည့် ချန်ရွှေတောင်ကြား

မှ ရှောင်လိလင်းကဲ့သို့ပင် ဖြစ်သည်။

ကြွယ်ဝချမ်းသာပြီး အစွမ်းထက်သော နတ်တိမ် ကုန်သည်အဖွဲ့သည် ချီစွမ်းအင်သန့်စင်ခြင်းအဆင့် ကျွမ်းကျင်သူတစ်ဦးကို တာဝန်ယူခိုင်းရန် မတတ်နိုင်သော်လည်း သူတို့လက်ထဲတွင် ဝိညာဉ်လက်နက်တစ်ခု ရှိနေရန်မူ သေချာပေါက် စီမံနိုင်ပေသည်။

ချန်ဖေး ခံစားမိခဲ့သော ရေရွတ်သံသည် ခေါင်းလောင်းသံနှင့်အတူ ပျောက်ကွယ်သွားပြီး လုံးဝ မရှိခဲ့ဖူးသကဲ့သို့ လွင့်စင်သွားလေ၏။

တစ်ချိန်တည်းမှာပင် ကုန်သည်အဖွဲ့သည် အရှိန်မြှင့်တင်လိုက်ပြီး နာရီဝက်ခန့် ကြာချိန်တွင် ကုန်သည်အဖွဲ့၏ အရှိန်သည် ယခင်နှုန်းထားသို့

တဖြည်းဖြည်း ပြန်လည်ရောက်ရှိသွားသည်။

ထို့နောက်တွင် ခရီးစဉ်၌ အခြားမည်သည့်အရာမျှ ထပ်မဖြစ်တော့ပေ။ ချန်ဖေးသည် ရထားလုံးထဲ၌ တရားထိုင်ရင်း အချိန်အများစုကို ကုန်ဆုံးစေခဲ့သည်။ ဤအချိန်၌ ချန်ဖေးသည် မည်သည့် သိုင်းပညာကျင့်စဉ်ကိုမျှ လေ့ကျင့်နေခြင်း မရှိသောကြောင့် သူ၏ ဒွာရများ အပြင်ဘက်ရှိ စွဲလမ်းမှုများကို ဖယ်ရှားရန်သာ အဓိက ကြိုးစားနေခဲ့သည်။

အကယ်၍ ဤစွဲလမ်းမှုသည် ဒွာရများ၏ အပြင်ဘက်တွင် မရှိပါက ချန်ဖေး၏ လက်ရှိ စိတ်စွမ်းအား အဆင့်နှင့်ဆိုလျှင် ဖယ်ရှားရန် နှစ်နှင့်ချီ၍ အချိန်ယူရမည် မဟုတ်ပေ။ ကံမကောင်းစွာဖြင့် စွဲလမ်းမှုက ဒွာရများ၏ အပြင်ဘက်တွင် ရှိနေခဲ့သည်။

ဒွာရများ အမှန်တကယ် မပွင့်မီအချိန်တွင် အလွန် ပျက်စီးလွယ်သည်။ အနည်းငယ်မျှ ခွန်အား အလွဲသုံးစားလုပ်မိလျှင်ပင် ဒွာရများကို ပျက်စီးစေနိုင်ပြီး ဒွာရသန့်စင်ခြင်း အဆင့်သို့ တက်လှမ်းရန် မဖြစ်နိုင်တော့ပေ။

ထို့ကြောင့်ပင် ဂိုဏ်းတစ်ခုစီမှ အစစ်အမှန်တပည့်များသည် နှစ်ပေါင်းများစွာ အခက်အခဲများကို သည်းခံကြပြီး မည်သည့်အရာကိုမျှ ပေါ့ပေါ့ဆဆ စမ်းသပ်ရန် မဝံ့ရဲကြခြင်း ဖြစ်သည်။ အစွမ်းကုန် ကြိုးစားကြသော အတွင်းစည်းတပည့်များပင်လျှင် နောက်ဆုံး၌ ကျရှုံးသွားတတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် အမှန်တကယ်ပင် အလွန် ခက်ခဲလွန်းသောကြောင့် ဖြစ်သည်။

ချူးလန်သည် တစ်ခါတစ်ရံတွင် ချန်ဖေးနှင့် စကားပြောရန် အကြောင်းပြချက်တစ်ခု ရှာတတ်သော်လည်း စကားအနည်းငယ် ပြောပြီးနောက်တွင် ချန်ဖေး၏ အကြည့်အောက်၌ ရှက်သွေးဖြာကာ ထွက်ပြေးသွားတတ်သဖြင့် ချန်ဖေးကို အနည်းငယ် တွေဝေသွားစေသည်။ ဒီမျက်နှာက တကယ်ပဲ အဲ့ဒီ

လောက်တောင် ဆွဲဆောင်မှု ရှိနေတာလား...

ချန်ဖေးက သူမအပေါ် မည်သည့် ရည်ရွယ်ချက်မှ မရှိကြောင်း သိနိုင်သော ချူးဝမ်နန်းသည် သူ၏ မြေးမကို ဖျောင်းဖျရန် ကြိုးစားခြင်းအား လက်လျှော့လိုက်ပြီ ဖြစ်သည်။ ရှင်းဖန်မြို့သို့ ရောက်ရှိချိန်တွင် သူတို့နှစ်ဦးသည် လမ်းခွဲကြရပေတော့မည်။

***